## မည်သူတို့မှာ ဌာနေတိုင်းရင်းသားများ ဖြစ်ကြသနည်း။ (ဂျိုးစ်မာတင်နိစ်ကိုဘို၊ ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ၊ ၁၉၈၆)

ဌာနေတိုင်းရင်းသားများ၊ လူမျိုးများနှင့် သီးသန့်လူမျိုးများဆိုသည်မှာ -



- မိမိတို့၏မြေပိုင်နက်တွင် ကိုလိုနီများကျူးကျော်ဝင်ရောက်သိမ်းပိုက်၍ လူမှုအသိုင်းအဝိုင်းများ မတည်ထောင်မီကတည်းက သမိုင်းအစဉ်အဆက်နေထိုင်လာခဲ့သူများ။
- လက်ရှိမြေပိုင်နက်များတွင်နေထိုင်သည့် လူမှုအသိုင်းအဝန်းများနှင့် မတူညီတမူထူးခြားကွဲပြားသူများဖြစ်ကြောင်း မိမိကိုယ် ကိုလက်ခံထားသူများ။
- လက်ရှိလူမှုအသိုင်းအဝိုင်းတွင် ဩဇာလွှမ်းမိုးချုပ်ကိုင်မှုမရှိသောသူများ။
- မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုပုံစံများ၊ လူမှုအဖွဲ့အစည်းနှင့် ဓလေ့ထုံးတမ်းဥပဒေစနစ်များနှင့်အညီ မိမိတို့၏ ပိုင်နက်နယ်မြေများနှင့် လူမျိုးစု၏ ထင်ရှားသော ကိုယ်ပိုင်လက္ခဏာများကို ထိန်းသိမ်းဖွံ့ဖြိုးတိုးတက်စေ၍ နောင်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးရန် ပြင်ဆင်ဆောင်ရွက်သူများ။

သမိုင်းအစဉ်အဆက်နေထိုင်ခဲ့သူများဖြစ်ကြောင်း အောက်ပါအချက်တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အကြောင်းအရာများနှင့် ကိုက်ညီမှုရှိကြသည်။

(က) အားလုံး (သို့မဟုတ်) အနည်းဆုံးအနေဖြင့် တချို့သောဘိုးဘွားပိုင်နယ်မြေများပိုင်ဆိုင်ကြသူများ။
(ခ) လက်ရှိမြေများကို နဂိုမူလပိုင်ဆိုင်ခဲ့သူများနှင့် တူညီသောလူမျိုးစုမျိုးဆက်များ။
(ဂ) ယေဘုယျအားဖြင့် ယဉ်ကျေးမှု (သို့မဟုတ်) အထူးပေါ်လွင်သည့်အချက်များ (ဥပမာအားဖြင့် ဘာသာကိုးကွယ်မှု၊ မျိုးနွယ်စုစနစ်အတွင်း နေထိုင်သူများ၊ ဌာနေတိုင်းရင်းသားလူမျိုးစုဝင်များ၊ အဝတ်အစား၊ အသက်မွေးဝမ်းကျောင်းမှုပုံစံ၊ အသက်ရှင် နေထိုင်မှုပုံစံ၊ စသည်ဖြင့်)။



(ဃ) ဘာသာစကား၌လည်း ကိုယ်ပိုင်ဘာသာစကား၊ မိခင်ဘာသာစကား၊ အိမ် (သို့) မိသားစုအတွင်းဆက်သွယ်ရန်အသုံးပြုသော ဘာသာစကား၊ အဓိက ပိုမိုနှစ်သက်စွာ အသုံးပြုလေ့ရှိသော ဘာသာစကားများကို အသုံးပြုသူများ။
(င) တိုင်းပြည်တွင်းရှိနေရာဒေသတစ်ခုတွင် သီးခြားနေထိုင်သူများ (သို့) ကမ္ဘာ့နေရာဒေသတစ်ခုတွင်သီးခြား နေထိုင်သူများ။

ရေးသားသူ - Dr. Chris Erni

Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်ဖြွင့်တင်ရေးအဖွဲ့
IWGIA
Norad
CISU CIVIL SOCIETY IN DEVELOPMENT


**ပွိုင့် – ရိုးရာဝန်းကျင်ဖြွင့်တင်ရေးအဖွဲ့**

အမှတ် (၆၈၇)၊ ကြို့ကုန်း စလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@gmail.com

ကန့်သတ်

POINT

# မှတ်စုစာအုပ်




# NOTE BOOK

COPYRIGHT © 2017

ရေးသားသူ - Dr. Chris Erni

# ကုလသမဂ္ဂ



## ကုလသမဂ္ဂဆိုသည်မှာ အဘယ်နည်း။

- ၁၉၄၅ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်း ဖြစ်ပါသည်။
- အဖွဲ့ဝင်ပေါင်း ၁၉၃ နိုင်ငံပါရှိပြီး လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအစိုးရများ ကိုယ်ထူကိုယ်ထ စုပေါင်းပါဝင်ထားသည့် အဖွဲ့အစည်းဖြစ်ပါသည်။
- ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို အခြေပြု ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပါသည်။

## ကုလသမဂ္ဂ၏ ရည်ရွယ်ချက်မှာအဘယ်နည်း။

- ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ ပုဒ်မ(၁)တွင် ဖော်ပြထားသည်မှာ -
- ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုဖော်ဆောင်ရန်။
- လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြှင့်တင်ဆောင်ရွက်ရန်။
- ကမ္ဘာ့နေရာအနှံ့အပြားတွင် လူ့အခွင့်အရေးကို အလေးထားစေရန်အတွက် ဆောင်ရွက်ပေးရန်။

## ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များ

- ၁၉၄၈ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းကို အတည်ပြုကြေငြာခဲ့သည်။
- အခြားလူ့အခွင့်အရေးနှင့် စပ်ဆိုင်သည့် သဘောတူစာချုပ်များမှာ -
  - ◊ နိုင်ငံတကာလူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုများ အလုံးစုံပပျောက်ရေး သဘောတူစာချုပ်၊
  - ◊ နိုင်ငံတကာနိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊
  - ◊ နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ သဘောတူစာချုပ်၊
  - ◊ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားထားမှုပပျောက်ရေး သဘောတူစာချုပ်။
- အထွေထွေညီလာခံအောက်ရှိ လူ့အခွင့်အရေးကောင်စီသည် အဖွဲ့ဝင်နိုင်ငံများ၏ ကမ္ဘာတဝှမ်းအလှည့်ကျ လူ့အခွင့်အရေး အခြေအနေလေ့လာသုံးသပ်ခြင်းများကို ဆောင်ရွက်သည်။
- စီးပွားရေးနှင့် လူမှုရေးကောင်စီတွင် ကော်မရှင်အဖွဲ့နှင့် အဖွဲ့ခွဲများရှိကြသည်။ ဥပမာ - ဌာနေတိုင်းရင်းသားရေးရာများအကြောင်း ဆွေးနွေးသော အမြဲတမ်းရုံးထိုင်ရာအရပ်။

## ကုလသမဂ္ဂ၏ အခြေခံဖွဲ့စည်းပုံ




## ရက်ဒ်အပေါင်း ကာကွယ်စောင့်ရှောက်မှု အစီအမံများ (၇)ချက်




## ကန်ကွန်း ကာကွယ်စောင့်ရှောက်မှု အစီအမံများ(Cancum safeguards)

**REDD+** လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ ကာကွယ်စောင့်ရှောက်မှုအစီအမံများသည် အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ပါသည်။ နိုင်ငံအဆင့်သစ်တောကဏ္ဍပင်မစီမံကိန်း၊ အစီအစဉ်တို့၏ ရည်ရွယ်ချက်များ၊ သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် သဘောတူညီချက်များ၏ ရည်ရွယ်ချက်နှင့် ညီညွတ်မှုတရပါမည်။

(က) ပွင့်လင်းမြင်သာ၍ ထိရောက်မှုရှိသော အမျိုးသားသစ်တောစီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံများဖြစ်ရပါမည်။
(ခ) အပြည်ပြည်ဆိုင်ရာ တာဝန်များ၊ နိုင်ငံအခြေအနေများ၊ ဥပဒေများနှင့်သင့်လျော်သည့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ဗဟုသုတနှင့် အခွင့်အရေးများကို လေးစားရပါမည်။
(ဂ) သက်ဆိုင်ရာ အကျိုးဆက်စပ်ခံစားခွင့်ရှိသူများ (အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ)၏ အပြည့်အဝ၊ ထိထိရောက်ရောက် ပူးပေါင်းပါဝင်မှု ရှိစေရပါမည်။
(ဃ) သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ တိုးပွားခြင်းတို့ ဖြစ်စေရပါမည်။
(င) နောက်ပြန်လှည့်ခြင်းအန္တရာယ်ကို ရင်ဆိုင်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။
(ဆ) ကာဗွန်ထုတ်လွှတ်မှု နေရာရွှေ့ပြောင်းခြင်းကို လျှော့ပါးအောင် ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ရင်းမြစ် ။ ။ **UNFCCC** ၏ (၁၆)ကြိမ်မြောက်ဆုံးဖြတ်ချက်(၁)၊ နောက်ဆက်တွဲ(၁)၊ အပိုဒ်ခွဲ(၂)။
ကိုးကား ။ ။ **REDD+ Academy Training Document**

# ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ

### ကမ္ဘာ့ကုလသမဂ္ဂပြင်ပတွင်ရှိသော ဌာနေတိုင်းရင်းသားများ

- ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပိုဒ်ခွဲ(၁)တွင် လူထု၏ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် တန်းတူညီမျှအခွင့်အရေးများဆိုင်ရာမူဝါဒကို အသိအမှတ်ပြုထားပါသည်။ နိုင်ငံများကသာ အဖွဲ့ဝင်များဖြစ်ကြသည်။
- ဌာနေတိုင်းရင်းသားအများစုတွင် လူမျိုးအလိုက်သော်လည်းကောင်း၊ နိုင်ငံအလိုက်သော်လည်းကောင်း ခိုင်မာသည့် ကိုယ်ပိုင်ဝိသေသလက္ခဏာများရှိကြသော်လည်း ၎င်းတို့သည် ကုလသမဂ္ဂအဖွဲ့ဝင်များမဟုတ်ကြပါ။

### ကုလသမဂ္ဂမှ အသိအမှတ်ပြုခံရရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

- (၁၉၂၃) - တွင် ကနေဒါနိုင်ငံမှ အီရိုကွိုမဟာမိတ်ကောင်စီအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဒဲ့ကာဟဲသည် မိမိလူမျိုးစုနှင့် ကနေဒါအစိုးရအကြား အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးရန်အတွက် ဂျီနီဗာနိုင်ငံသို့ သွားရောက်ခဲ့သည်။

### အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(အိုင်အဲလ်အို)သဘောတူညီမှုအမှတ် ၁၀၇နှင့် ၁၆၉ ရှိဖော်ပြချက်

- (၁၉၅၇) - အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့မှ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများအတွက် သဘောတူညီချက်အမှတ် ၁၀၇ ကိုအတည်ပြုခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် သဘောတူညီချက်အမှတ် ၁၆၉ ကို ပြင်ဆင်အတည်ပြုခဲ့သည်။

### ဌာနေတိုင်းရင်းသား လူထုဆိုင်ရာကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့နှင့် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (ယူအဲန်ဒရစ်)

- (၁၉၇၁) - ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ အီကွေဒေါနိုင်ငံရှိ မစ္စတာ ဂျိုစ့်မာတင်နိကိုဘိုအား ဌာနေတိုင်းရင်းသားလူထုတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ဖိနှိပ်ချုပ်ခြယ်မှုများအကြောင်းလေ့လာရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိအဖြစ်ခန့်အပ်ပြီး တာဝန်ပေးခဲ့သည်။ သူ၏အစီရင်ခံစာကို ၁၉၈၆ ခုနှစ်တွင် အပြီးသတ်ထုတ်ပြန်ခဲ့ပါသည်။
- (၁၉၈၂) - ခုနှစ်တွင် ဌာနေတိုင်းရင်းသားလူထုဆိုင်ရာ ကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့မှနေ၍ ဌာနေတိုင်းရင်းသားများနှင့်အတူ ၂၀၀၆ခုနှစ်အထိ လက်တွဲလုပ်ဆောင်၍ ဌာနေတိုင်းရင်းသားအခွင့်အရေးကြေငြာစာတမ်းမူကြမ်းကို တင်ပြဆွေးနွေးခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း (ယူအဲန်ဒရစ်)ကို အတည်ပြုခဲ့သည်။

### ဌာနေတိုင်းရင်းသားရေးရာ အမြဲတမ်းရုံးထိုင်ရာအရပ်နှင့် အထူးကိုယ်စားလှယ်

- (၂၀၀၀) - ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီမှ ဌာနေတိုင်းရင်းသားရေးရာအမြဲတမ်းရုံးထိုင်ရာအရပ်ကို တည်ထောင်ခဲ့သည်။ ၎င်းသည် နှစ်စဉ်နှစ်တိုင်း အမေရိကန်နိုင်ငံ၊ နယူးရောက်မြို့တွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။
- (၂၀၀၁) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကော်မရှင်မှ ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိကို ပထမဆုံးအကြိမ်ခန့်အပ်ခဲ့သည်။

### ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့

- (၂၀၀၇) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကောင်စီမှ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ (အဲမရစ်) ကိုတည်ထောင်ဖွဲ့စည်းခဲ့ပါသည်။

ရေးသားသူ - Dr. Chris Erni





# ဘိုးဘွားပိုင်မြေများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ရပ်ရွာအခြေပြုမြေပုံများရေးဆွဲခြင်း


## အင်ဒိုနီးရှားနိုင်ငံတွင် တန်ပြန်မြေပုံရေးဆွဲခြင်း

- အင်ဒိုနီးရှားအစိုးရက နိုင်ငံအတွင်းရှိ သစ်တောမြေနေရာအားလုံးသည် နိုင်ငံပိုင်ပစ္စည်းများဖြစ်ကြောင်းကြေငြာခဲ့သည်။
- ထို့နောက်အစိုးရမှ သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးမြေလုပ်ပိုင်ခွင့်များအတွက် သစ်တောမြေနေရာများအား မြေပုံရေးဆွဲခွဲဝေသတ်မှတ်ခဲ့သည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မြေယာနှင့် သစ်တောဆိုင်ရာအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ကျေးလက်ဒေသအသီးသီးတွင် မိမိတို့၏ ပိုင်နက်နယ်မြေများကို ဖော်ပြထားသည့် ရပ်ရွာအခြေပြုမြေပုံများရေးဆွဲပြီး မိမိတို့၏ ဘိုးဘွားပိုင်မြေများအသိအမှတ်ပြုခံရရန်အတွက် တောင်းဆိုခဲ့သည်။
- ၂၀၁၃ခုနှစ်တွင် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်သစ်တောမြေနေရာပိုင်ဆိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးမှ အသိအမှတ်ပြုခဲ့သည်။
- အာမန်ဟုခေါ်ဆိုသည့် အမျိုးသားအဆင့် ဌာနေတိုင်းရင်းသားညွန့်ပေါင်းအဖွဲ့နှင့် အခြားထောက်ခံအားပေးသည့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများက ၄င်းမြေပုံများကို ကူညီရေးဆွဲကြသည်။ ၄င်းတို့က ဘိုးဘွားပိုင်သစ်တော မြေများသည် ဟက်တာသန်း၄၀ကျော်ရှိမည်ဟု ခန့်မှန်းကြသည်။



## ဖိလစ်ပိုင်နိုင်ငံတွင် ဘိုးဘွားပိုင်နက်နယ်မြေများ ရပိုင်ခွင့်အတွက်ဆောင်ရွက်ခြင်း

- ဖိလစ်ပိုင်နိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ဆယ်စုနှစ်များစွာ ကြိုးပမ်းဆောင်ရွက်မှုအပြီးတွင် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာဥပဒေကို ၁၉၉၇ခုနှစ်တွင် နိုင်ငံအစိုးရမှ ထုတ်ပြန်ကြေငြာခဲ့သည်။
- အခြားအချက်များအပါအဝင်၊ ၄င်းဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နက်နယ်မြေများအစုအဖွဲ့လိုက် ဘုံပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခဲ့သည်။
- ရပ်ရွာခြေပြုမြေပုံများသည် အားထုတ်ကြိုးပမ်းမှုထဲ၌ အရေးပါသောကဏ္ဍတွင် ပါဝင်ခဲ့သည်။ ယခုအချိန်တွင် ဘိုးဘွားပိုင်နက်နယ်မြေများကို နိုင်ငံအစိုးရမှ ရေးဆွဲပေးနေပြီဖြစ်သည်။
- မြေဟက်တာ ( ၄. ၅သန်း )ကျော် ပါဝင်သည့် အသိအမှတ်ပြုလက်မှတ်ပေါင်း ၁၆၀ကျော်ကိုဘိုးဘွားပိုင်နက်နယ်မြေများအတွက် ပေးအပ်ခဲ့သည်။
- သတ္တုတွင်းလုပ်ကိုင်ခြင်းကဲ့သို့သော ပိုင်နက်ကျူးလွန်ခြင်းမျိုးမှလည်း ကူညီကာကွယ်ပေးခဲ့သည်။
- ရပ်ရွာခြေပြု သယံဇာတစီမံအုပ်ချုပ်ရေးများတွင်လည်း ပံ့ပိုးကူညီခဲ့သည်။




ရေးသားသူ - Dr. Chris Erni

## ဌာနေတိုင်းရင်းသားများနှင့် မြေယာအကြားဆက်နွယ်မှု







ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ မစ္စတာအီရီကာအိုင်ရင်းအေဒေ့စ်က ၂၀၁၁ တွင် ပြောဆိုခဲ့သည်မှာ-

၁။ ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝအရင်းအမြစ်များအကြားတွင် ကြီးမားသည့် ဆက်နွယ်မှုရှိကြသည်။

၂။ ၎င်းတို့၏ဆက်နွယ်မှုတွင် လူမှုရေး၊ ယဉ်ကျေးမှု၊ ဝိညာဉ်ရေးရာ၊ စီးပွားရေး၊ နိုင်ငံရေးစသည့်ရှုထောင့်အမျိုးမျိုးနှင့် တာဝန်အသီးသီးရှိကြသည်။

၃။ ၎င်းတို့အထဲတွင် အစုအဖွဲ့အနေဖြင့် ရှိနေသည့်ဆက်နွယ်မှုမှာ အထူးသိသာထင်ရှားသည်။

၄။ မျိုးရိုးစဉ်ဆက် လက်ခံကျင့်သုံးကြသည့် ဤဆက်နွယ်မှုသည် ဌာနေတိုင်းရင်းသားများ၏ ထင်ရှားသောလက္ခဏာ၊ အသက်ရှင်ရပ်တည်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ အတွက် အရေးပါလှပါသည်။

**အပိုဒ် (၂၀)တွင် ဖော်ပြထားသည်မှာ-** ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝအရင်းအမြစ်များနှင့် ကြီးမားသော ဆက်သွယ်မှုရှိခြင်းအပေါ် အသိအမှတ်ပြုမခံရသကဲ့သို့ အခြားအခြေခံလူ့အခွင့်အရေးများမရရှိခြင်းကြောင့် ဌာနေတိုင်းရင်းသားအသိုက်အမြုံများ တဖြည်းဖြည်းနှင့် ယိုယွင်းပျက်စီးလာသည်ကို တွေ့မြင်ခဲ့ရပါသည်။



- အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများသည် အရေးကြီးသည်။
- နိုင်ငံအစိုးရများသည် အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများကို အသိအမှတ်ပြုလေ့သိပ်မရှိပါ။
- မြေယာများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် မကြာခဏဆိုသလိုမြေယာအခွင့်အလမ်းများနှင့် မြေယာမဲ့များအပေါ် မမျှတမှုများဖြစ်ပေါ်စေပါသည်။

### UNDRIP ထဲရှိ အရေးကြီးသည့် ထောက်ခံအားပေးချက်များမှာ

**ပုဒ်မ(၂၅)** ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မိရိုးဖလာယဉ်ကျေးမှုအရ ပိုင်ဆိုင်သည့် (သို့) လုပ်ကိုင်စားသောက်နေသည့် (သို့) အသုံးပြုသည့်မြေယာ၊ ပိုင်နက်နယ်မြေများ၊ ရေပြင်များနှင့် ကမ်းရိုးတမ်းဒေသများအပါအဝင် အခြားသယံဇာတအရင်းအမြစ်များနှင့် ထင်ရှားသည့်ရိုးရာကိုးကွယ်မှုများ ဆက်နွယ်မှုရှိကြပြီး ၎င်းတို့ကိုထိန်းသိမ်းစောင့်ရှောက်၍ အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်ရှိသည်။

**ပုဒ်မ(၂၆)**ဌာနေတိုင်းရင်းသားများသည် မိရိုးဖလာယဉ်ကျေးမှုအရ ပိုင်ဆိုင်သည့်(သို့) လုပ်ကိုင်စားသောက်နေသည့် (သို့) အသုံးပြုသည့် မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတ အရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်ရှိသည်။

၁။ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအရ ပိုင်ဆိုင်လာသည့် (သို့) ရိုးရာအရ လုပ်ကိုင်စားသောက်နေသည့် မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ထိန်းသိမ်း စောင့်ရှောက်ပိုင်ခွင့်ရှိသည်။

၂။ နိုင်ငံအစိုးရများမှနေ၍ ၎င်းမြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ဌာနေတိုင်းရင်းသားတို့၏ ထုံးတမ်းစဉ်လာ၊ ရိုးရာယဉ်ကျေးမှုများနှင့် မြေယာပိုင်ဆိုင်မှုစနစ်များအတိုင်း လေးစားလိုက်နာပြီး တရားဥပဒေအရ လက်ခံအသိအမှတ်ပြု ကာကွယ်ပေးရမည်။

ရေးသားသူ - Dr. Chris Erni

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .


POINT

Promotion Of Indigenous and Nature Together

လေးစားလိုက်နာ မိရိုးဖလာ။

Date . .






နှစ်စဉ် မတ်လ ၂၂ရက်နေ့ကို ကမ္ဘာ့ရေနေ့အဖြစ် ၁၉၉၂ ခုနှစ်က စတင်သတ်မှတ်ခဲ့တယ်။

Date . .

POINT

Promotion Of Indigenous and Nature Together



ကမ္ဘာမြေကိုချမ်းမြေ့မှုမပေးရင် ကျုပ်တို့ကို အစားအစာပြန်ပေးနိုင်မှာ မဟုတ်ဘူး။

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT


Promotion Of Indigenous and Nature Together

ကျေးငှက်သားရဲ၊ တောမှာမြဲၜါ။

Date . .

POINT

Promotion Of Indigenous and Nature Together



တစ်ခါသုံး စက္ကူခွက်တွေအစား ကြွေမတ်ခွက်ဖြင့် ရေသောက်ပါ။

Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



သဘာဝပတ်ဝန်းကျင်ပြဿနာကို အစိုးရကပဲ ဖြေရှင်းရမယ်လို့ မထင်သင့်ဘူး

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT


Promotion Of Indigenous and Nature Together

တောတောင်ရှိမှ၊ မိုးရေရ၏။

Date . .

POINT

Promotion Of Indigenous and Nature Together



သဘာဝဟာ အခြားမည်သည့်စက်ထက်မဆို ပြည့်စုံတဲ့ စက်ယန္တရားကြီးပါ။

Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



ပတ်ဝန်းကျင်ကိုထိန်းသိမ်းပေး၊ ဆင်းရဲခြင်းဘေး ကင်းလွတ်ဝေး။

Date . .

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT


Promotion Of Indigenous and Nature Together

သစ်မြစ်ဆေးရွက်၊ တောမှာထွက်၏။

Date . .

POINT

Promotion Of Indigenous and Nature Together



ဆောင်းဆို အေးချင်မှ အေး၊ မိုးဆို ရွာ ချင်မှ ရွာ၊ နွေဆို ပူချင် သလောက်ပူတာ ကြာဘီ။

Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together




ဒီနေ့ ကမ္ဘာကြီးမှာသန့်ရှင်းပြီး ဘေးကင်းတဲ့အရာ သိပ်ရှားသွားပြီ။

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT


Promotion Of Indigenous and Nature Together

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။

Date . .

POINT

Promotion Of Indigenous and Nature Together



လူသားနဲ့ ကမ္ဘာမြေကြား ညီညွတ်မျှတ သဟဇာတကျတဲ့ ဘဝကိုရယူပါ။

Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



ကုန်ပစ္စည်းမှာ ကပ်ထားတဲ့ အမှတ်တံဆိပ်ကို သေချာဖတ်ပြီးမှ ဝယ်ပါ။

Date . .

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT


Promotion Of Indigenous and Nature Together

တောတောင်ပြုတ်ပြုန်း၊ မြေဆီသုဉ်း၏။

Date . .

POINT

Promotion Of Indigenous and Nature Together



Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



ခြင်ဆေးခွေတစ်ခွေက စီးကရက် (၁၃၇)လိပ်နဲ့ ညီမျှတဲ့ အဆိပ်ငွေ့တွေထွက်တယ်။

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .


POINT

Promotion Of Indigenous and Nature Together

မိုးရာသီ ဇူလိုင်လ၊ သစ်ပင်စိုက်ပျိုးကြ။

Date . .





Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



ဒဏ်ရာရနေတဲ့ကမ္ဘာကြီးပေါ်မှာ လူတွေကောင်းကောင်းနေရမယ့် နည်းဘဲကျန်တယ်။

Date . .

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



ကျပ်ကိုလွှတ်မပစ်ပါနဲ့ ပြန်ပြင်သုံးပါနော်။

Date . .

P◇INT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



POINT
Promotion Of Indigenous and Nature Together

Date . .

POINT


Promotion Of Indigenous and Nature Together

တစ်ရွာမှာတစ်ကန်၊ တစ်ကန်မှာတစ်တော၊
တို့မြေမှာတို့တွေထိန်း၊ စိမ်းမြတဲ့တော။

Date . .

POINT

Promotion Of Indigenous and Nature Together



Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



သဘာဝပတ်ဝန်းကျင်နေရာမှာ လူဖန်တီးတဲ့ ပတ်ဝန်းကျင်အစားထိုး ဝင်ရောက်လာတယ်။

POINT
Promotion Of Indigenous and Nature Together

Date . .


POINT

Promotion Of Indigenous and Nature Together

POINT
Promotion Of Indigenous and Nature Together

Date . .






သဘာဝကို လေးစားပါ။

Date . .

Date . .

POINT

Promotion Of Indigenous and Nature Together



Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together

POINT


Promotion Of Indigenous and Nature Together

ရေချိုလို တောကိုထိန်း။

Date . .

POINT

Promotion Of Indigenous and Nature Together



မိမိကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်ဘူးဆိုတာ သေချာအောင်လုပ်ပါ။

Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



ကမ္ဘာမြေကို လူတွေရဲ့ အတ္တ လောဘတွေက ပြောင်းလဲပစ်တယ်။

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT


Promotion Of Indigenous and Nature Together

တောမဲ့မြေသား၊ ရေတိုက်စားခေါ်။

Date . .

POINT

Promotion Of Indigenous and Nature Together



Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



သဘာဝတရားဟာ သူ့အလုပ်ကိုသူ ကျုပ်တို့ထက်ပိုပြီးနားလည်တယ်။

Date . .

POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together

ပတ်ဝန်းကျင်ကောင်းရရှိရေး၊
သင်လည်းပါဝင်ဆောင်ရွက်ပေး။

Date . .

POINT

Promotion Of Indigenous and Nature Together



တစ်ရှူးစက္ကူအစား အဝတ်ကိုသုံးပါ။

Date . .


POINT

Promotion Of Indigenous and Nature Together

Date . .

POINT

Promotion Of Indigenous and Nature Together



တစ်ခါသုံးတွင်သိပ်များရင် ကမ္ဘာကြီးကို ကြာကြာသုံးလို့ရမှာ မဟုတ်တော့ဘူး။

Date . .

POINT

Promotion Of Indigenous and Nature Together

# လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (အက်ဖ်ပီအိုင်စီ) FPIC

## အက်ဖ်ပီအိုင်စီဆိုသည်မှာ အဘယ်နည်း။

ကုလသမဂ္ဂဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကြေငြာစာတမ်းတွင် ဖော်ပြပါရှိသည့် မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့်အပေါ် အခြေခံသည့် ဌာနေတိုင်းရင်းသားများ၏ ဘုံအခွင့်အရေးဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားရပ်ရွာများ သို့မဟုတ် လူထုများ၏ ဘုံဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်မှ ရလဒ်ဖြစ်သည်။ မိမိတို့၏နယ်မြေသို့ ပြင်ပမှဝင်ရောက်လာမည့် မည်သည့်လုပ်ရပ်မဆို ဌာနေတိုင်း ရင်းသားတို့မှ လက်ခံပိုင်ခွင့် နှင့် ငြင်းပယ်ပိုင်ခွင့်တို့ ပေးအပ်ခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်များ မည်ကဲ့သို့ချမှတ်မည်ကို ပြောပိုင်ခွင့်လဲ ပါဝင်ပါသည်။

## မည်သည့်အတွက်ကြောင့် အက်ဖ်ပီအိုင်စီကို လိုအပ်ပါသနည်း။

ဌာနေတိုင်းရင်းသားတို့နှင့် ၄င်းတို့၏ ရပ်ရွာ (ဥပမာ - မြေယာ၊ ပိုင်နက်နယ်နိမိတ်နှင့် အရင်းအမြစ်များ)၊ လက်ရှိနှင့် အနာဂတ်အသက် မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် သာယာဝပြောရေး၊ ပိုက်နက်နယ်မြေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ထိုသွင်ပြင်လက္ခဏာများနှင့် ယဉ်ကျေး မှုများအပေါ် သက်ရောက်နိုင်သည့် အစီအစဉ်၊ ဥပဒေပြုမှု၊ မူဝါဒရေးဆွဲမှုနှင့် စီမံအုပ်ချုပ်မှု ဆောင်ရွက်ချက်များအားလုံးတွင် အက်ဖ်ပီအိုင်စီကိုလိုအပ်ပါသည်။

## အက်ဖ်ပီအိုင်စီဆိုင်ရာအခွင့်အရေးကို မည်သူတို့က အသိအမှတ်ပြုပါသလဲ။

နိုင်ငံတကာဥပဒေ - ကုလသမဂ္ဂဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၏ သဘောတူညီချက်အမှတ် - ၁၆၉ (**ILO** ၁၆၉)။ နိုင်ငံအဆင့်ဥပဒေ - ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့် ပီးရူးနိုင်ငံ။ ကုလသမဂ္ဂ ကိုယ်စားလှယ်ဌာနများ၊ အလှူရှင်များနှင့် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့အစည်းများ။

### လူထုသဘောတူညီမှုရရှိခြင်း

- ၄င်းသည် လူထုထံမှ အကြံအဉာဏ်ရယူခြင်း၊ တိုင်ပင် ဆွေးနွေးခြင်းနှင့် ညှိနှိုင်းခြင်းဖြစ်စဉ်၏ ရလာဒ်ဖြစ်သည်။ အကြံအဉာဏ်ရယူခြင်း၊ လူထုပါဝင်စေခြင်းနှင့် ညှိနှိုင်းခြင်း တို့သည် လူထုသဘောတူညီမှု ရရှိစေနိုင်မည့် နည်းလမ်းများ ဖြစ်ပါသည်။
- ၄င်းသည် သဘောတူညီချက်တစ်ခုလည်း ဖြစ်ပါသည်။ လူထု မှနေ၍ ရည်ရွယ်ထားသည့် စီမံကိန်းအပေါ် ခွင့်ပြုချက်ပေး ခြင်း၊ မပေးခြင်းကို ဆိုလိုပါသည်။ လူထုတွင် "သဘောတူခွင့်" နှင့် "ငြင်းပယ်ခွင့်" ရှိပါသည်။

### လွတ်လပ်စွာ

- ၄င်းသည် မည်သူတစ်ဦးတယောက်ကမှ (ဥပမာ - အစိုးရ၊ စီမံကိန်းဆောင်ရွက်သူ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ် ခုခု) ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ကြိုး ကိုင်ချယ်လှယ်ခြင်း၊ တွန်းအားပေးခြင်းမှ ကင်းလွတ်ခြင်းကို ဆိုလိုပါသည်။
- လူထုနှင့် အသင့်တော်ဆုံးသော အကြံဉာဏ်ရယူမှုနှင့် ဆုံး ဖြတ်ချက်ချမှတ်ခြင်းပုံစံကို အများသဘောတူဆုံး ဖြတ်ပိုင်ခွင့် လည်း ပါဝင်ပါသည်။

### ကြိုတင်အချိန်ပေးခြင်း

- သဘောတူညီမှုရရှိခြင်းကို လုပ်ငန်းမစတင်မီ ရယူရမည်ဖြစ် သည်။
- လူထုအတွက်ကြုံတွေ့ရမည့် အန္တရာယ်များနှင့် အကျိုးရလဒ် များကို အပြည့်အဝဆင်ချင်သုံးသတ်နိုင်ရန် လုံလောက် သည့်အချိန်ပေးရပါမည်။
- လိုအပ်ပါက လူထုမှ ထပ်မံသိရှိလိုသောအချက်များကို ရှာ တွေ့ရယူနိုင်ရန် အခွင့်အလမ်းရှိရပါမည်။

### အသိပေးခြင်း

- စီမံကိန်းကြောင့် ထိခိုက်ခံစားရမည့် ရပ်ရွာလူထုနားလည် နိုင်မည့်နည်းလမ်း၊ ဘာသာစကားများဖြင့် လုံလောက် သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးမှုနှင့် ဌာနေတိုင်း ရင်းသားများ၏ ဖွဲ့စည်းနေထိုင်ပုံ၊ ဓလေ့ထုံးတမ်းဥပဒေ၊ ယဉ်ကျေးမှု၏ ထုံးတမ်းစဉ်လာများကို အသိအမှတ်ပြုပေးမှု အပေါ် မူတည်၍ သဘောတူညီမှုရယူရမည်ဖြစ်သည်။
- ရပ်ရွာလူထုများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ရိုးရာဘာသာရေးခေါင်းဆောင်များနှင့် ရိုးရာဘာသာရေး ခေါင်းဆောင်များနှင့် ရိုးရာအသိပညာများ တတ်သိနားလည် သူများ စသည်တို့၏ တက်ကြွစွာပါဝင်ဆွေးနွေးခြင်းလည်း လိုအပ်ပါသည်။

ရေးသားသူ - Dr. Chris Erni

## ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်

- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ ဌာနေတိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဖွံ့ဖြိုးတိုးတတ်မှုတို့ကို ၄င်းတို့၏ စုပေါင်းဘုံသဘောတူညီချက်ဖြင့် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းကို ဆိုလိုပါသည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မတူကွဲပြားခြားနေသည့် နိုင်ငံရေး၊ ဥပဒေရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများကို ထိန်းသိမ်းခွင့်နှင့် ခိုင်မာအားကောင်းလာအောင် ပြုလုပ်ပိုင်ခွင့်ရှိပြီး၊ ၄င်းတို့နေထိုင်သော နိုင်ငံအတွင်းရှိ ထိုသို့သောကဏ္ဍများတွင်လည်း အပြည့်အ၀လွတ်လပ်စွာ ပူးပေါင်းပါ၀င်ဆောင်ရွက်ခွင့်ရှိသည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ဓလေ့ထုံးတမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်ပိုင်ဝိသေသလက္ခဏာများကို ပြဋ္ဌာန်းပိုင်ခွင့်ရှိပြီး၊ မိမိတို့၏ ဖွဲ့စည်းပုံ၊ သတ်မှတ်ချက်နှင့်ညီသော ခေါင်းဆောင်ရွေးချယ်ခြင်း၊ အဖွဲ့ဝင်သတ်မှတ်ခြင်းတို့ ပြုလုပ်ပိုင်ခွင့်ရှိသည်။

## မြေယာပိုင်နက်မြေများနှင့် သံယဇာတ အရင်းအမြစ် များဆိုင်ရာ အခွင့်အရေး

- နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သော မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ၄င်းတို့၏ ထုံးတမ်းစဉ်လာရိုးရာယဉ်ကျေးမှုနှင့်အညီ အသိအမှတ်ပြုကာကွယ်ထိန်းသိမ်းမည်။
- ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ယဉ်ကျေးမှုအရမတူ ထူးခြားသည့် ဆက်နွယ်မှုရှိသော မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်အား ကောင်းစေပြီး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းလွှဲပြောင်းပေး ပိုင်ခွင့်များရှိသည်။
- ဌာနေတိုင်းရင်းသားများ၏ သဘောဆန္ဒနှင့်အညီ ၄င်းတို့ဒေသရှိ မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ အငြင်းပွားမှုများကို ပွင့်လင်းမြင်သာပြီး တရားမျှတစွာ အသိအမှတ်ပြုဖြေရှင်းဆောင်ရွက်ပေးရမည်။

## လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(အက်ဖ်ပီအိုင်စီ)

ဌာနေတိုင်းရင်းသားများအတွက် လွတ်လပ်စွာကြိုတင်အသိပေးမှုနှင့် လူထုသဘောထားရယူခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များကို အောက်ပါအခြေအနေများတွင်လိုအပ်ပါသည်။

- ဌာနေတိုင်းရင်းသားများအား ၄င်းတို့၏ မြေယာ၊ ပိုင်နက်နယ်မြေများမှ အတင်းအဓမ္မ ဖယ်ရှားခြင်း၊ နေရာရွှေ့ပြောင်းခြင်း။
- ဌာနေတိုင်းရင်သားများအပေါ် သက်ရောက်မှုရှိသည့် စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြောင်းလဲခြင်း ၊ အသစ်ထုတ်ပြန်ခြင်း။
- ဌာနေတိုင်းရင်းသားများ၏ မြေယာ၊ ပိုင်နက်မြေများတွင်ပြုလုပ်မည့် ဖွံ့ဖြိုးရေး၊ အထူးသဖြင့် သတ္တု၊ ရေနှင့် အခြားသယံဇာတအရင်းအမြစ်များ ထုတ်ယူတူးဖော်ခြင်း။
- ဌာနေတိုင်းရင်းသားတို့၏ မြေယာနှင့် ပိုင်နက်နယ်မြေများပေါ်တွင် အန္တရာယ်ဖြစ်စေမည့် (သို့) အဆိပ်အတောက်ဖြစ်စေမည့်ပစ္စည်းမဆို သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်းများ။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေး

- ဌာနေတိုင်းရင်းသားများသည် မိမိဘ၀ အသက်ရှင်ရပ်တည်ရေးနှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ ပါ၀င်ဆောင်ရွက်နိုင်သော ဖွံ့ဖြိုးရေးတို့ကို ၄င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် အဖွဲ့အစည်းများအတိုင်း ထိန်းသိမ်း ဆောင်ရွက်ပိုင်ခွင့်ရှိသည်။
- မိမိတို့၏ အသက်ရှင်နေထိုင်ရေးနည်းလမ်းများကို ပိတ်ပင်တားဆီးခံရပါက တရားမျှတစေရန် ဖြေရှင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။
- မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးဆောင်ရွက်ရမည့် အရာများနှင့် နည်းဗျူဟာများကို သတ်မှတ်ဆုံးဖြတ်ပိုင်ခွင့်နှင့် မည်သည့် ဖွံ့ဖြိုးရေးအစီအစဉ်များတွင်မဆို တက်ကြွစွာပါ၀င်ခွင့်ရှိသည်။
- နိုင်ငံတော်အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်လာစေမည့် အထူးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရမည်။

## ရိုးရာယဉ်ကျေးမှု နှင့် ယဉ်ကျေးမှုအမွေအနှစ်

- ဌာနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ဖျက်ဆီးခြင်းနှင့် အခြားယဉ်ကျေးမှုထဲသို့ အတင်းအဓမ္မရောနှောခြင်း မခံရရေးဆိုင်ရာအခွင့်အရေး။
- ၄င်းကဲ့သို့ ဆောင်ရွက်ခြင်းမျိုးကို နိုင်ငံတော်အစိုးရမှ တားဆီးကာကွယ်နိုင်ရန်အတွက် ထိရောက်သည့် လုပ်ငန်းများဆောင်ရွက်ရမည်။
- မိမိတို့၏ ဝိညာဉ်ရေးရာ၊ ဘာသာရေးရာ ဓလေ့ထုံးထမ်းများနှင့် ရိုးရာအခမ်းအနားပွဲတော်များကို ပေါ်ပေါ်ထင်ထင်လက်တွေ့ဆောင်ရွက်ခွင့်၊ သင်ကြားခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခွင့်ရှိသည်။
- မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာအသိပညာနှင့် ရိုးရာယဉ်ကျေးမှုအတွေးအခေါ်များ၊ သိပ္ပံနည်းပညာများတို့ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်၍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခွင့်ရှိသည်။

## ပညာရေးနှင့် ကျန်းမာရေး

- ဌာနေတိုင်းရင်းသားများ၏ ပညာရေးစနစ်များနှင့် အဖွဲ့အစည်းများကို ၄င်းတို့၏ ကိုယ်ပိုင် ဘာသာစကား၊ နည်းစနစ်များနှင့်အညီ တည်ထောင်ထိန်းသိမ်းပိုင်ခွင့်ရှိသည်။
- နိုင်ငံတော်ရှိ ပညာရေးအဆင့်အားလုံး၊ ပုံစံအားလုံးကို သင်ယူပိုင်ခွင့်ရှိသည်။
- နိုင်ငံတော်အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားအသီးသီး ပညာရေးလက်လှမ်းမှီစေရန်နှင့် ဖြစ်နိုင်ပါက မိမိတို့၏ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ဘာသာစကားဖြင့် သင်ယူနိုင်ခွင့်ရရန် ထိရောက်စွာ ဆောင်ရွက်ပေးရမည်။
- မိမိတို့၏ ရိုးရာတိုင်းရင်းဆေးကုမှုအလေ့အထများကို ထိန်းသိမ်းခွင့်ရှိသည်။
- ကိုယ်ကာယနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်ကုသပေးမှုများကို ခံစားပိုင်ခွင့်ရှိသည်။

**ကုလသမဂ္ဂဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း – ယူအဲန်ဒရစ်**

ရေးသားသူ - Dr. Chris Erni

## ကမ္ဘာ့ဌာနေတိုင်းရင်းသားများ

ကမ္ဘာတဝှမ်းလုံးတွင် ဘာသာစကားအမျိုးပေါင်း ၅၀၀၀ မှ ၇၀၀၀အထိရှိပြီး ၄င်းတို့အနက် ဌာနေတိုင်းရင်းသားတို့၏ ဘာသာစကားမှာ အမျိုးအစား ၄၀၀၀ မှ ၅၀၀၀ အထိရှိသည်။ ဌာနေတိုင်းရင်းသားများသည် ကမ္ဘာ့လူဦးရေ၏ ၄.၄%၊ လူဦးရေအားဖြင့် သန်းပေါင်း ၃၀၀ခန့် ရှိသည်။















## အာရှတိုက်ရှိဌာနေတိုင်းရင်းသားများ

- တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတွင်း၌ပင် ဌာနေတိုင်းရင်းသားဦးရေ သန်း ၂၆၀ခန့် ရှိနေပါသည်။
- တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၂၀၀၀ကျော်ခန့် ရှိပါသည်။
- ဌာနေတိုင်းရင်းသားများကို ဌာနေတိုင်းရင်းသားများ၊ အာဒီဗာစီ၊ တိုင်းရင်းသား လူမျိုးစုငယ်များ၊ လူမျိုးစုများ၊ တောင်ပေါ်နေတိုင်းရင်းသားများ၊ တိုင်းရင်းသားလူမျိုးများဟု နိုင်ငံအသီးသီးတွင် မတူညီသော အသုံးအနှုန်းများဖြင့် ခေါ်ဝေါ်ကြသည်ကို တွေ့ရှိရပါသည်။



ရေးသားသူ - Dr. Chris Erni